ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်း ၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၅ ၊ အမှတ် ၃

၂၀၂၀ ခုနှစ် ၊ ဇန်နဝါရီလ ၁ ရက်

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ICT System များ ဆောင်ရွက်နိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါအခမ်းအနားကျင်းပခြင်း



စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနတွင် ICT System များ ဆောင်ရွက်နိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအခမ်းအနားကို (၇-၁၁-၂၀၁၉) ရက်နေ့၊ နံနက် (၁၀:၃၀) အချိန်တွင် အကောက်ခွန်ဦးစီးဌာန၊ ဇေယျာသီဟခန်းမ၌ ကျင်းပပြုလုပ်ရာ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း တက်ရောက်ခဲ့ပါသည်။

အဆိုပါ အိတ်ဖွင့် တင်ဒါအခမ်းအနားကို NTT Data Myanmar Co., ltd ၊ KMD Co., ltd ၊ Information Matrix Co., ltd ၊ Nay Thurein Min Co., ltd နှင့် MCC ICT Services Co., ltd တို့မှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး Software Maintenance Vendor တင်ဒါ ခေါ်ယူခြင်းအတွက် NTT Data Myanmar Co., ltd မှ လည်းကောင်း၊ (Hardware, Operation, LAN/ WAN) Maintenance Vendor ခေါ်ယူခြင်း၊ မူဆယ်နယ်စပ်ဒေသသို့ MACCS စနစ်နှင့် VCCS စနစ်များ ထပ်မံတိုးချဲ့ခြင်း၊ မြဝတီနယ်စပ်ဒေသရှိ VCCS စနစ်အတွက် LPR Camera (2) လုံးနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်းတို့အတွက် KMD Co., ltd မှ လည်းကောင်း၊ Application Programming Interface (API) စနစ်တည်ဆောက်ခြင်းနှင့် Hardware ပစ္စည်းများဝယ်ယူတပ်ဆင်ခြင်းအတွက် Information Matrix Co., ltd မှ လည်းကောင်း အသီးသီးတင်ဒါ အောင်မြင်ခဲ့ကြပါသည်။

Scanned with CamScanner

## (၄၁) ကြိမ်မြောက် အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းမိသားစုများ၏ ဘုံကထိန် ဆက်ကပ်လှူဒါန်းခြင်း အလှူတော်မင်္ဂလာ နှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင် တက်ရောက်ခြင်း



(၄၁) ကြိမ်မြောက် အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းမိသားစုများ၏ ဘုံကထိန်ဆက်ကပ်လှူဒါန်းခြင်း အလှူတော်မင်္ဂလာ အခမ်းအနားကို ၂၀၁၉ ခုနှစ် ၊ နိုဝင်ဘာလ (၅) ရက်နေ့ နံနက် (၉:၀၀) နာရီ အချိန်တွင် မင်းကွန်းတောရကျောင်းတိုက်၌ ကျင်းပပြုလုပ်ရာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်နှင့်ဇနီး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ နှင့် ဇနီးများ ၊ ညွှန်ကြားရေးမှူးများနှင့်ဇနီးများ ၊ အရာထမ်းများ ၊ အမှုထမ်းများ နှင့် အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းဟောင်းများစုံလင်စွာ တက်ရောက်ခဲ့ကြပါသည်။

Scanned with CamScanner

## AEO လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်နှင့် တွေ့ဆုံဆွေးနွေးခြင်း



၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ၊ ၅ ရက်နေ့ နေ့လည် (၁၃:၀၀) နာရီအချိန်တွင် အကောက်ခွန်ဦးစီးဌာန ရုံးချုပ်၊ အစည်းအဝေးခန်းမ (၁) ၌ ADB ၏ TA:9312 အရ 2nd TRS အစီရင်ခံစာမူကြမ်းနှင့် စပ်လျဉ်း၍ ADB မှတာဝန်ရှိပုဂ္ဂိုလ်များ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် လာရောက်တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

အဆိုပါ ဆွေးနွေးပွဲသည် ADB ၏ TA:9312 အရ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် TRS လုပ်ငန်းစဉ်များ၊ AEO လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရန် ရည်ရွယ်၍ တွေ့ဆုံဆွေးနွေးခဲ့ပြီး ဆွေးနွေးပွဲအား အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ အရာထမ်းများနှင့် ADB မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။

Scanned with CamScanner

# ကုန်ပစ္စည်းခွဲခြားခြင်းဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့ခွဲ အစည်းအဝေးကျင်းပခြင်း




စတုတ္ထအကြိမ်မြောက် ကုန်ပစ္စည်းခွဲခြားခြင်းဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့ခွဲအစည်းအဝေး (4th Technical Sub-Working Group on Classification (TSWGC) ကို နေပြည်တော်ရှိ M Gallery Hotel ၌ ၂၀၁၉ ခုနှစ် ၊ ဒီဇင်ဘာလ ၁၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ မြန်မာနိုင်ငံမှ အိမ်ရှင် အဖြစ်လက်ခံကျင်းပပြုလုပ်ရာ အကောက်ခွန်ဦးစီးဌာနမှ အရာထမ်း(၁၀) ဦးတက်ရောက်ခဲ့ပါသည်။

ထိုအစည်းအဝေးကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ကမ္ဘာ့အကောက်ခွန်အဖွဲ့၏ ပြင်ဆင်ချက်များဖြစ်သည့် WCO HS 2022/1 ပြင်ဆင်ချက်များကိုအခြေခံ၍ အာဆီယံစည်းဝါးညီစနစ် အကောင် အထည်ဖော်ဆောင်ရွက်ရေးကိုဆွေးနွေးရန် ၊ AHTN 2022/1 အား အကောင်အထတ်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လုပ်ထုံးလုပ်နည်းများနှင့် နည်းပညာဆိုင်ရာ စံသတ်မှတ်ချက်များကို ပြန်လည်သုံးသပ်၍ အတည်ပြုသတ်မှတ်ရန်နှင့် ပြန်လည်သုံးသပ်ခြင်းဖြင့် ရရှိနိုင်သည့်နည်းပညာဆိုင်ရာ အထောက်အကူများနှင့် AHTN 2022/1 အကောင်အထည်ဖော်ဆောင်နိုင်ရေး အတွက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ ထည့်သွင်းရေးဆွဲရန် စသည့်ကိစ္စရပ်များ ဆွေးနွေးရန်ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။

Scanned with CamScanner

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ နှင့် ဒီဇင်ဘာလ အတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၃၇၇.၁၁၂) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်း၊ အထူးကင်း၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ (၁) ရက်နေ့ မှ ဒီဇင်ဘာလ (၃၁) ရက်နေ့ အထိ စုစုပေါင်း တားဆီး/ ဖမ်းဆီးမှု မှာ (၂၇၆) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် (၂၃၇၇.၁၁၂) သန်းခန့်ဖြစ်ပါသည်။

## ဆိပ်ကမ်း တားဆီး/ဖမ်းဆီးမှု






ဆိပ်ကမ်း တားဆီးမှုအနေဖြင့် တားဆီးမှု (၂၃) မှုရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၄၈၇.၇၇၃) သန်း ရှိသည့်အနက် ၂၅-၁၁-၂၀၁၉ ရက်နေ့တွင် SKY WAY (Myanmar) Apparel ltd မှ ကြေညာတင်ပို့သော Ladies Knitted Dress (95% Viscose 5% Elastane) 15822 U, 620 CTN အား တာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ ED, Invoice, Packing List တို့တွင် ကြေညာဖော်ပြထားနှင့် ပိတ်စရာခိုင်နှုန်း ကွဲလွဲနေသည်ကို စစ်ဆေးတွေ့ရှိရပါသဖြင့် ခန့်မှန်းတန်ဖိုး (၆၄.၈၈၀) သန်းအား တားဆီးခဲ့ပါသည်။

Scanned with CamScanner

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ နှင့် ဒီဇင်ဘာလ အတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၃၇၇.၁၁၂) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ

### နယ်မြေများတွင် တားဆီး/ဖမ်းဆီးခြင်း







နယ်မြေတားဆီးမှုအနေဖြင့် (၂၅၁) မှုရှိ၍ စုစုပေါင်း ခန့်မှန်းတန်ဖိုးမှာကျပ် (၁၈၆၆.၃၃၉) သန်းရှိသည့်အနက် ၁၉-၁၁-၂၀၁၉ ရက်နေ့တွင် (၁၆) မိုင်ကျောက်ချော စစ်ဆေးရေးစခန်းမှ စစ်ဆေးမှုများဆောင်ရွက်စဉ် Mini Bus ယာဉ် (၁) စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့်၊ ပိတောက်ခွဲသား (၅၀) ချောင်း၊ (၁.၃၄၆၄) တန် နှင့် ပစ္စည်း သယ်ဆောင်သည့်ယာဉ် (၁) စီး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၇.၈၄၆) သန်းအား စစ်ဆေးတွေ့ရှိ၍ဖမ်းဆီးခဲ့ပါသည်။

Scanned with CamScanner

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ နှင့် ဒီဇင်ဘာလ အတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၃၇၇.၁၁၂) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ

**ထူးခြားဖမ်းဆီးမှု**




ထူးခြားဖမ်းဆီးမှုအနေဖြင့် ၁-၁၁-၂၀၁၉ ရက်နေ့တွင် ရေပူ အမြဲတမ်း စစ်ဆေးရေးစခန်းမှ စစ်ဆေး မှုများဆောင်ရွက်စဉ် ISUZU ELF5BR422 (၆) ဘီးယာဉ် (၁) စီး၊ Toyota Ipsum ယာဉ် (၁) စီး၊ Nissan AD Van ယာဉ် (၁) စီးတို့ပေါ်တွင် တရားမဝင် သယ်ဆောင်လာသော ကျောက်စိမ်းဟုယူဆရသည့် ကျောက်တုံး အရွယ်အစားမျိုးစုံ (၄၀၂၀) ကီလိုဂရမ် နှင့် ပစ္စည်းသယ်ဆောင်လာသောယာဉ် (၃) စီး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၂၆၆) သန်းအား စစ်ဆေးတွေ့ရှိ၍ဖမ်းဆီးခဲ့ပါသည်။

Scanned with CamScanner

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ နှင့် ဒီဇင်ဘာလ အတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၃၇၇.၁၁၂) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ

### ထူးခြားဖမ်းဆီးမှု



ထူးခြားဖမ်းဆီးမှုအနေဖြင့် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ (၂၂) ရက်နေ့တွင် ရေပူ အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်း စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် Toyota Mark II ယာဉ် (၁) စီးပေါ်တွင်အံဝှက်များပြုလုပ်၍ ရောင်စုံပလပ်စတစ်ဆပ်ပြာခွက်များအတွင်း တရားမဝင်သယ်ဆောင်လာသော ဘိန်းဖြူဟုယူဆရသည့် ဖြူ/ဝါ ရောင်အမှုန့် ထည့်သွင်းထားသည့် ဆပ်ပြာခွက် (၄၄) ခွက် အလေးချိန် (၅၂၈) ဂရမ် နှင့် ပစ္စည်းသယ်ဆောင် သည့်ယာဉ် (၁) စီးအားလည်းကောင်း၊ Nissan AD Van ယာဉ် (၁) စီးပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်း ဟုယူဆရသော ကျောက်တုံး အရွယ်အစားမျိုးစုံ (435) Kg နှင့် ပစ္စည်းသယ်ဆောင် သည့် ယာဉ် (၁) စီး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၅၀.၃၁၀) သန်းအားစစ်ဆေးတွေ့ရှိ၍ဖမ်းဆီးခဲ့ပါသည်။

Scanned with CamScanner

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ နှင့် ဒီဇင်ဘာလ အတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၃၇၇.၁၁၂) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ

### ထူးခြားဖမ်းဆီးမှု




ထူးခြားဖမ်းဆီးမှုအနေဖြင့် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ (၁၆) ရက်နေ့တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့ Toyota Crown အမျိုးအစား ယာဉ် (၁) စီးနှင့် Mitsubishi Pajero အမျိုးအစား ယာဉ် (၁) စီး၊ ခန့်မှန်းတန်ဖိုးကျပ် (၁၁) သန်းအား တွေ့ရှိ၍ဖမ်းဆီးခဲ့ပါသည်။

Scanned with CamScanner

## မိုဘိုင်းဖုန်း၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း တားဆီး/ဖမ်းဆီးအရေးယူမှုအခြေအနေ

| စဉ် | ပစ္စည်းအမျိုးအမည် | ရန်ကုန် အမှုတွဲပေါင်း | နယ်စပ် အမှုတွဲပေါင်း | အမှုတွဲ စုစုပေါင်း | ခန့်မှန်းတန်ဖိုး စုစုပေါင်း(ကျပ်) |
|---|---|---|---|---|---|
| ၁။ | မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ | - | ၁ မှု | ၁ မှု | ၂ သန်း |
| ၂။ | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | - | - | - | - |
| ၃။ | သစ်တောထွက် ပစ္စည်းများ | - | ၅ မှု | ၅ မှု | ၅.၈၃၉ သန်း |
| | စုစုပေါင်း | - | ၆ မှု | ၆ မှု | ၇.၈၃၉ သန်း |

အကောက်ခွန်ဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း (၁-၄-၂၀၁၉) ရက်နေ့ မှ (၃၀-၁၂-၂၀၁၉) ရက်နေ့အထိ မိုဘိုင်းဖုန်းနှင့်ဆက်စပ်ပစ္စည်းများ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများနှင့်သစ်တောထွက် ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု (၁၅၈) မှု ၊ ခန့်မှန်းတန်ဖိုးကျပ်သန်းပေါင်း(၁၁၀၅.၉၆) သန်းအား တားဆီးခဲ့ပြီးအရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။

Scanned with CamScanner

# ပြည်သူ့ဘဏ္ဍာသိမ်းဆည်းပြီး ထုခွဲအဆင့် လူသုံးကုန်ပစ္စည်းများ၊ ကားအပိုပစ္စည်း ၊ လျှပ်စစ်ပစ္စည်း ၊ လက်ကိုင်ဖုန်းအမျိုးမျိုးနှင့် စက်မှုကုန်ကြမ်းပစ္စည်းများအား လေလံစနစ်ဖြင့်ရောင်းချခြင်း



စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၊ အကောက်ခွန်ဦးစီးဌာနမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ကားအပိုပစ္စည်းများ ၊ စလောင်းနှင့်ဆက်စပ် ပစ္စည်းများ ၊ စားသောက်ကုန် ၊ လူသုံးကုန် ၊ ဖုန်းအမျိုးမျိုးနှင့် လျှပ်စစ်ပစ္စည်းများအား (၂၄-၁၂-၂၀၁၉) ရက်နေ့ နံနက် (၁၀:၀၀) နာရီ အချိန်တွင် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ၌ ညွှန်ကြားရေးမှူး ဦးတက်ထွန်းအောင် မှ ဥက္ကဋ္ဌအဖြစ် ပါဝင်သော လေလံတင်ရောင်းချရေးအဖွဲ့ဖြင့် စုစုပေါင်း လေလံအုပ်စု (၇) စု အား လေလံ တင်ရောင်းချခဲ့ရာ နိုင်ငံတော် ဘဏ္ဍာငွေ စုစုပေါင်းကျပ် (၁၂၀၀.၉) သန်းရရှိခဲ့ပါသည်။

Scanned with CamScanner

# ဖမ်းဆီးရမိသည့် ဆေးဝါးမှတ်ပုံတင်မရှိသော ဆေးဝါးများ ၊ ကွမ်းစား ဆေးများနှင့် အလှကုန်ပစ္စည်းများ ဖျက်ဆီးခြင်း







ရန်ကုန်မြို့ အကောက်ခွန်ဦးစီးဌာန ၊ ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲမှ အများပြည်သူ စားသုံးရန် ၊ သုံးစွဲရန်မသင့်သော မှတ်ပုံတင်မရှိသော ဆေးဝါးများ ၊ ကွမ်းစားဆေးများနှင့် အလှကုန် ပစ္စည်းများ ၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၅၅ဝ.၁၉၄) သန်းခန့်အား (၂ဝ-၁၂-၂ဝ၁၉) ရက်နေ့တွင် ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ ၊ ညွှန်ကြားရေးမှူး ဦးတက်ထွန်းအောင် ဥက္ကဋ္ဌ အဖြစ်ပါဝင်သော ဖျက်ဆီးရေးအဖွဲ့ဖြင့် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ ရုံးဝင်းအတွင်း စနစ်တကျ ဖျက်ဆီးခဲ့ပါသည်။

Scanned with CamScanner

# အကောက်ခွန်ဦးစီးဌာန၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ


Soda များတင်သွင်းလိုပါသဖြင့် FDA ထောက်ခံချက် လို/မလို မေးမြန်းရာ FDA ထောက်ခံချက်လိုအပ်ကြောင်း ဖြေကြားခဲ့ပါသည်။




Sorting Machine များ တင်သွင်းလိုပါသဖြင့် လိုင်စင်လို/မလို မေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်း ဖြေကြားခဲ့ပါသည်။

Golf Simulator များ တင်သွင်း လိုပါသဖြင့် Duty Rate အားမေးမြန်းရာ အကောက်ခွန် 10% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ ပါသည်။







Fiber Cable များတင်သွင်းလိုပါသဖြင့် လိုင်စင်လို/မလို နှင့် H.S Code အားမေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်းနှင့် H.S Code မှာ 8544.20.39 ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။

Scanned with CamScanner